# ပါးစပ်ထဲက ဓါးမတစ်ချောင်းမှသည်

အော်.. ပါးစပ်.. ပါးစပ်..။
တော်တော် ထိန်းရခက်တဲ့ ပါးစပ်ပါပဲ။ ဘုရားရှင်ကိုယ်တော် မြတ်ကြီးက ဆုံးမဩဝါဒ ပေးခဲ့ပါတယ်..။
လူတွေကို အကုသိုလ် အပေးဆုံးဟာ စိတ်ပြီးရင် နှုတ်ဆိုတဲ ပါးစပ်ပါပဲတဲ့။ ဟုတ်ပါ တယ်နော်..။
မုန်းစေချင်ရင်လည်း ဒီပါးစပ်.. ချစ်စေချင်ရင် လည်း ဒီပါးစပ်ပါပဲ..။ ဒီပါးစပ်ကြောင့် အများသူငါကို စိတ်ချမ်းသာအောင် ပြောဆိုနိုင်သလို.. အများသူငါကို အကုသိုလ်တွေ ပွားစေအောင် လုပ်နိုင်ပါတယ်နော်။
ဒီနှုတ်ကြောင့် အကုသိုလ် တွေ အများဆုံး ဖြစ်စေနိုင်ပြီးတော့ အပါယ်သို့ ဆင်းသွားရတဲ့ သာဓကတွေ..
သံသာရာတလျှောက်လုံးမှာ ခန္ဓာနဲ့ အဆမတန် အောင် ပေးဆပ်သွားရတဲ့ သာဓကတွေ အများကြီးပါပဲ။
ဒါ့ကြောင့်လည်း ဝစီဆိုတဲ့ နှုတ်လေးကို ထိန်းစေချင်တာပါ။ ပြောလိုက်တဲ့ စကားလေးတစ်ခွန်းဟာ (၅)စက္ကန့် လောက် တောင် မကြာလိုက်ပေမယ့် ပေးဆပ်လိုက်ရတာတွေက ဘဝ (၅၀၀)မကအောင်ပါပဲနော်။ ဒါ့ကြောင့် လည်း ပါးစပ်ထဲက ဓါးမတစ်ချောင်းလို့ ပြောလိုက်ရတာပါ။
ဓါးမဆိုတဲ့ စကားလေး က သေးများ သေးသွား မလားတောင် မသိပါဘူးနော်။ ဓါးမနဲ့တူတဲ့ ပါးစပ်တစ်ခုကြောင့် ခန္ဓာနဲ့ အဆမတန်ပေးဆပ် သွားရတဲ့ အကြောင်းအရာလေးတွေ ပြောပြချင်ပါတယ်။
အရင်ဆုံး ပြောပြချင်တာကတော့ ဝေသာလီရဲ့ အလှဇေရီ အမ္ဗပါလီရဲ့ အကြောင်းလေးပါပဲ။ ဘဝတစ်ခုမှာ ပါလီဟာ ဘိက္ခုနီမ တစ်ယောက်ဖြစ်ခဲ့ပါတယ်။ ဘုရားကျောင်းမြေတွေမှာ သန့်ရှင်းရေးအမြဲလုပ်ပေးခဲ့တဲ့ သူပေ့ါ။ တစ်နေ့မှာတော့ သူသန့်ရှင်းရေးလုပ်နေတဲ့ နေရာကို အရိယာ ဘိက္ခုနီမ တစ်ယောက် တံတွေးထွေးလိုက်တဲ့ တံတွေးကျန်ခဲ့တာကို ကြည့်ပြီး သန့်ရှင်းရင်း ပါးစပ် ကပြောလိုက်ပါတယ်.. ဘယ် ပြည့်တန်ဆာမထွေးသွားတာလဲ ဆိုတဲ့ စကားလေးတစ်ခွန်းပါ။ ဒီစကားလေး ပြောလိုက်တာက (၉)လုံးထဲပါပဲ။ ဒါပေမယ့် ပြန်ပြီးပေးဆပ်လိုက်ရတာ ကတော့ ဘဝပေါင်း မရေမတွက် နိုင်အောင်ပါပဲ။
ဘုရားရှင်ပြင်မှာ သန့်ရှင်းရေးလုပ်ခဲ့တဲ့ ကုသိုလ်ကြောင့် ဖြစ်လေရာဘဝမှာ ရုပ်အဆင်းရူပဟာ သူများ နဲ့ မတူအောင် လှပချောမောပေမယ့်.. အရိယာကို စော်ကားမိ တဲ့ စကားလေး(၉)လုံးကြောင့် ဖြစ်လေရာ ဘဝအများစုဟာ ပြည့်တန်ဆာမဘဝနဲ့ပဲ ဖြစ်ရပြီးတော့ ခန္ဓာနဲ့ အဆမတန် အောင် ပေးဆပ် သွားရတာပါ။
နောက်ဆုံး ပရိနိဗ္ဗာန်စံဝင်ရမဲ့ ဘဝထိပါပဲနော်။ ဒါဟာ ဘာကြောင့်လဲလို့ အဖြေရှာကြည့်တော့ နှုတ်မစောင့်ခဲ့တဲ့ စကားလေး တစ်ခုကြောင့်ပါပဲနော်။
နောက်တစ်ဦးကတော့ကဿပဘုရားရှင်လက်ထက်တော် တုန်းက လက်သမားတစ်ဦးရဲ့ အကြောင်းအရာလေးပါ။ သူ့မှာ ဘုရား၊ တရားကို ကြည်ညိုယုံကြည်သော သူငယ်ချင်းတစ်ယောက် ရှိပါ တယ်။ တစ်နေ့တော့ သူငယ်ချင်းက ကဿပဘုရားရှင်ရဲ့ တရား ကို သွားရောက် နာကြားဖို့ သူနဲ့ အတူလိုက်ခဲ့ရန် ခေါ်ပါတယ်။ တကယ်ဆိုရင် သူအနေနဲ့ မလိုက်လိုက မလိုက်နိုင်ကြောင်း ငြင်းဆန်လိုက်လျှင် ကိစ္စမရှိပါဘူး။ အပြစ်လည်း မဖြစ်ပါဘူး။ ဒါပေမယ့် သူငယ်ချင်းပြောတဲ့ စကားကို ကတ်တီးကတ်ဖဲ့ ပြောလို လို့ စကားလေး ပြန်ပြောမိတယ်.. ဟေ့ သူငယ်ချင်း၊ မင်းရဲ့ ဘုရားဟောမယ့် တရားတွေ လိုက်နာလို့ ငါ့အတွက် ဘာတွေများ အကျိုးရှိလာမှာတဲ့လဲ.. မင်းရဲ့ဘုရားက ငါ့လယ်ကို လာထွန်ပေး မှာတဲ့လား ဆိုတဲ့ စကားလေးတစ်ခွန်းပါနော်။ သူ့နှုတ်ထွက် စကားက ဘယ်လောက်ထိ ကံကြီးထိုက်သွားမှန်း သူမသိလိုက် ပါဘူး။ အဲ့ဒီ ဘုရား၊ ရဟန္တာကို ပြစ်မှားမိတဲ့ ကံကြောင့်ပဲ သေလွန်တဲ့အခါမှာ လယ်သမားပြိတ္တာဘဝနဲ့ ဘုရားရှင်နှစ်ဆူ ပွင့်တော်မူပြီးတိုင်အောင် မကျွတ်မလွတ်နိုင်ခဲ့ရပါဘူး။ ပြောလိုက်တဲ့ စကားလေး (၃)စက္ကန့်လောက်ဟာ ကမ္ဘာပေါင်း

မရေတွက်နိုင်လောက်အောင် ပေးဆပ်သွားရတာပါနော်။ သတိထားသံဝေဂယူစရာလေးပါပဲ။ နောက်ဆုံးတစ်ခုအနေနဲ့ ပြောချင်တာကတော့ ပစ္စေကဗုဒ္ဓ ပွင့်တော်မူတုန်းက အချိန်အခါပါ။ ပစ္စေကဗုဒ္ဓဆွမ်းခံကြွလာတဲ့ ရွာတစ်ရွာမှာ ဥစ္စာပစ္စည်းချမ်းသာ ကြွယ်ဝတဲ့ သဌေးသား တစ်ဦး ရှိပါတယ်။ တစ်နေ့မှာ သဌေးသားဟာ ဝတ်ကောင်းစားလှတွေ ဝတ်ပြီး ရွာထဲ ထွက်လာခဲ့ပါတယ်။ ရွာသူရွာသားများက သူ့လို လှပပြီး ဝတ်ကောင်းစားလှဝတ်ထားတဲ့ သူကိုမကြည့်ပဲ အဝတ် အစားပောင်းနွမ်းဆွေးမြေ့ပြီး အရုက်လုံရုံလွှမ်းခြုံထားတဲ့ ပစ္စေကဗုဒ္ဓရဲ့ အေးဆေးတည်ကြည်နေပုံကို ကြည့်ပြီး ကြည်ညို နေကြပါတယ်။ ဒီအချိန်မှာ သူပြောလိုက်တဲ့ စကားတစ်ခွန်း ကတော့.. တောက်.. တော်တော်ခက်တဲ့လူတွေပဲ.. ဘယ့်နယ့်.. ငါ့လို ဝတ်ကောင်းစားလှ ဝတ်ဆင်ထားတဲ့ သူကိုကျတော့ မကြည့်ပဲ ကုဋ္ဌနူနာ သူတောင်းစားတစ်ယောက်လို စုတ်စုတ် ပြတ်ပြတ် ဝတ်ဆင်ထားတဲ့ သူကိုမှ အာသာငမ်းငမ်း ကြည့်နေ လိုက်တာဗျာ ဆိုတဲ့ စကားလေး တစ်ခွန်းပါပဲ။ အရိယာကို စော်ကားမိတဲ့ အဲ့စကားတစ်ခွန်းကပဲ သေလွန်တဲ့ အခါမှာ အဝီစိ ထိ ကျသွားစေပြီး အဝီစိမှ ကျွတ်လွတ်တဲ့ အခါမှာ ဘဝဆက်တိုင်း ကုဋ္ဌနူနာသည် သူတောင်းစား ဘဝချည်းဖြစ်ခဲ့ ဖြတ်သန်းခဲ့ရပြီး ဂေါတမဘုရားရှင် လက်ထက်ရောက်မှ ကျွတ်လွတ်ခဲ့ရပါတယ်။ ဝစီကံများ ကြောက်မက်ဖွယ်ကောင်းလှပါဘိ။

အထက်မှာ ဖော်ပြခဲ့တဲ့ အကြောင်းအရာလေးမှာ အမွှပါလီရဲ့ အကြောင်းကို ဖတ်ပြီး စိတ်မကောင်းလည်း ဖြစ်မိပါတယ်။ ကုသိုလ် လုပ်နေရဲ့သားနဲ့ အကုသိုလ်တွေ ဝင်လာရတာဟာ ဒီမစောင့်စီးမိတဲ့ နှုတ်ကြောင့်ပါနော်။ လယ်သမားရဲ့ဘဝဇတ် ကြောင်းကို ပြန်ကြည့်မယ်ဆိုရင်လည်း မလိုအပ်မပြောသင့်တဲ့ စကားကို ပြောမိလို့ပါပဲ။ နောက်ဆုံး သဌေးသားကတော့ သူများအပြစ်ကို မိမိကိုယ်ကို အထင်ကြီးစိတ်ဝင်ပြီး သူတစ်ပါးကို အထင်သေးတတ်တဲ့ အတွက်ပါ။ ဒီအကြောင်းအရာတွေ အဓိက ဖြစ်ရတဲ့ အကြောင်းရင်းကတော့ သူများအပြစ်ကို ဆီလို အပေါက် ရှာတတ်တဲ့ သူတွေ အများဆုံး ဖြစ်ရတာပါ။ ကိုယ်ပြောလိုက်တဲ့ သူဟာ အရိယာဟုတ်မဟုတ် ဘယ်သူမှ မသိနိုင်ပါဘူး။ အရိယာ ဆိုတဲ့ ဆိုင်းဘုတ်လည်း ချိတ်မထားပါဘူးနော်။ အရေးကြီးဆုံး ကတော့ သူ့ဘာသာ ဘာပဲဖြစ်နေဖြစ်နေ ကိုယ့်အနေနဲ့ ဝစီကံ နဲ့ မပြစ်မှား မပြောဆိုမိဖို့ အရေးကြီးပါတယ်။

ဒါ့ကြောင့် စကားတစ်ခွန်းပြောတော့မယ်ဆိုရင် မပြောခင်စဉ်းစား ပါ.. ပြောနေတုန်းမှာလည်း စဉ်းစားပါ.. ပြောပြီးရင်လည်း စဉ်းစားပါ ဆိုတဲ့ အချက်သုံးချက်နဲ့ မှန်မမှန် အရင်ဆုံး စစ်ဆေး သင့်ပါတယ်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဆုံးမထားတဲ့ စကား (၆)ခွန်းထဲက (၂)ခွန်းကိုပဲ ပြောဆို နိုင်ရင်တော့ အကောင်းဆုံး ပါပဲ။ အဲ့ဒါတွေကတော့ (၁) ဟုတ်တယ်.. မှန်တယ် အကျိုးရှိ တယ်.. သူတစ်ပါးနာလိုတယ်၊ (၂) ဟုတ်တယ်.. မှန်တယ်.. အကျိုးရှိတယ်.. သူတစ်ပါးမနာလိုဘူး (ဒါပေမယ့် အခြေအနေနဲ့ အချိန်အခါကြည့်ပြော) ဆိုတဲ့ စကားနှစ်ခွန်းပါပဲ။

ဘုရားရှင် ကိုယ်တော်မြတ်ကြီး အဓိကဆုံးမထားတာကတော့ ဟုတ်တိုင်းလည်း မပြောနဲ့ မှန်တိုင်းလည်း မပြောနဲ့ မိမိသူတစ် ပါး အကျိုးရှိမှ ပြောဆိုတဲ့ စကားပါပဲနော်။ ဓမ္မမိတ်ဆွေ အပေါင်း လည်း.. ကိုယ်ပြောလိုက်တဲ့ စကားတစ်ခွန်းမှာ လောဘသံတွေ ဒေါသသံတွေ မောဟသံတွေ မပါအောင် ပြောနိုင်ကြပါစေလို့ အဓိက ပြောကြားလိုပါတယ်။ ဓမ္မမိတ်ဆွေအပေါင်း.. ပါးစပ်ထဲမှာ ရှိတဲ့ ဓါးမတစ်ချောင်းကို မိမိသူတစ်ပါး အကျိုးမဲ့စေမယ့် စကား တွေနဲ့ ကိုယ့်ကိုကိုယ် အခုတ်မခံပဲနဲ့.. ကိုယ့်ကို နောက်ယှက်လာ မယ့် လောဘ၊ ဒေါသ၊ မောဟ ဖြစ်စေမယ့် စကားတွေကိုပြန်ပြီး ခုတ်ထွင် ရှင်းလင်းနိုင်မဲ့

ခါးမများအဖြစ် ပြောင်းလဲနိုင်ကြပါစေ လို့ ဆန္ဒပြု ဆုတောင်းပေးလိုက်ပါတယ်။ မေမြမိတ်ဆွေအပေါင်း ကိုယ်စိတ်နှဖြာ ကျန်းမာ ချမ်းသာကြပါစေ..။

" သင့်ရဲ့ အတွေးအခေါ်တွေကို ဂရုစိုက်ပါ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ သင့်ရဲ့ စကားလုံးတွေဖြစ် လာမှာ မို့လို့ပါဘဲ။ "
" သင့်ရဲ့ စကားလုံးတွေကို ဂရုစိုက်ပါ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ သင့်ရဲ့ လုပ်ဆောင်ချက်တွေ ဖြစ်လာ မှာမို့လို့ပါဘဲ။ "
" သင့်ရဲ့ လုပ်ဆောင်ချက် ကို ဂရုစိုက်ပါ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ သင့်ရဲ့ အလေ့အကျင့် တွေ ဖြစ် လာမှာမို့လို့ပါဘဲ။ "
" သင့်ရဲ့ အလေ့အကျင့် ကို ဂရုစိုက်ပါ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ သင့်ရဲ့ ကိုယ်ကျင့်တရား တွေ ဖြစ် လာမှာမို့လို့ပါဘဲ။ "
" သင့်ရဲ့ ကိုယ်ကျင့်တရား ကို ဂရုစိုက်ပါ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ သင့်ရဲ့ ကံကြမ္မာ တွေ ဖြစ်လာမှာမို့ လို့ပါဘဲ။ "
" သင့်ရဲ့ ကံကြမ္မာတွေဟာ သင့်ရဲ့ ဘဝ ဖြစ်လာလိမ့်မယ်။"

"လျှာဟာ ၂ လက်မလောက်ဘဲရှိပါတယ်။ ဒါပေမယ့် ၆ ပေလောက်ရှိတဲ့ လူ ကိုသေစေနိုင်တယ်။"

ဝသာန်မိုး